www.burmeseclassic.com

# လောကဒဏ်

သုခ

ရန်ကုန်မြို့
အမျိုးသမီးအထက်တန်းကျောင်း။

မိတ်ဆွေကြီး ဦးတိုးအောင်

ဝမ်းနည်းစွာ အကြောင်းကြားအပ်ပါသည် လူကြီးမင်းရှင့်...

လူကြီးမင်း၏သမီး အမာရီမှာ ကျောင်းစည်းကမ်းဥပဒေများကို မလေးစားသဖြင့် အမျိုးမျိုးသော ဆုံးမသြဝါဒ ပေးခဲ့သည့်တိုင် ကျေနပ်လောက်အောင် ပြုပြင်ပြောင်းလာခြင်းကို မတွေ့ရသည်သာမက ကျောင်းကြီး၏ ဂုဏ်သရေကိုပါ ထိခိုက်လောက်အောင် ကျူးလွန်ဖောက်ပြားမှုများ တွေ့ရပါသောကြောင့် ကျောင်းမှ နုတ်ပယ်လိုက်ခြင်းထက် သက်သာသော အပြစ်ပေးမှုကို မတွေ့နိုင်တော့ပါ။ သို့ပါ၍ ကျောင်းမှနုတ်ပယ်ခြင်းခံရသည်ထက် လူကြီးမင်းကိုယ်တိုင် မိမိ၏သမီးကို လာရောက်နုတ်ယူခြင်းက နှစ်ဦးနှစ်ဝ၏ ဂုဏ်ကို ထိခိုက်မှုသက်သာလိမ့်မည်ဟု မျှော်လင့်သည့်အတွက် ယခုကဲ့သို့ ဝမ်းနည်းစွာ အကြောင်းကြားလိုက်ရပါသည်။

ဒေါ်ခင်မြမြ
အမ် အေ-ဒီလစ်

စာကိုဖတ်၍ ဆုံးသည်နှင့်တစ်ပြိုင်နက်၊ နဖူးကို လက်ဝါးနှင့်အုပ်၍ အလုပ်စားပွဲပေါ်ကို တံတောင်ဆစ်နှင့် ကျားကန်ထားလိုက်ရသူမှာ သူဌေးဦးတိုးအောင်ပင် ဖြစ်တော့သည်။ စားပွဲပေါ်၌ မဖောက်ရသေးသော အရပ်ရပ်ပေးစာများ၊ ဆယ်အိတ်လောက်ရှိသေးသော်လည်း၊ ဆက်၍ တက်နိုင်လောက်အောင် သူ့ဦးနှောက်တွင် အာရုံကြောမသန်ရှာတော့သည့် အလား၊ မျက်စိကို စုံမှိတ်ထားရတော့သည်။ နဖူးဆံစနား၌ တစ်ပေါက်ချင်းစို့ထွက်လာသော ချွေးများ၏အရောင်မှာ တပြောင်ပြောင် တလက်လက် ရှိတော့သည်။

မျက်နှာအမူအရာမှာ၊ ဒေါသမှ ကင်းလွတ်၍၊ ဝမ်းနည်းခြင်း၊ ရှက်ကြောက်ခြင်းတို့ပင်၊ ခေါင်းပါးလျက် လူမမာအားလျော့၍ သေတော့မည့်ရုပ်မျိုးလို ဖြစ်တော့သည်။

သို့သော်... တစ်ခုတော့ရှိသည်။ ထိုတစ်ခုမှာ အကြီးအကျယ် စိတ်မချမ်းမြေ့ခြင်းပင် ဖြစ်လေ၏။ ထို တစ်ခုတည်းသော စိတ်မချမ်းမြေ့ခြင်းမှာ အနိယတ္တမဟုတ် ဦးတိုးအောင်၏ ခန္ဓာကိုယ်နှင့်အတူ မြေကြီးထဲအထိ စွဲစွဲမြဲမြဲ လိုက်ပါမည့် စိတ္တာပူပွါဒ်ပင်ဖြစ်တော့သည်။ စိတ်မော လူမောဟောခန် မှုတ်ထုတ်လိုက်ရသော သက်ပြင်းလေသည် စာရွက်ကလေးကို တဆတ်ဆတ်လှုပ်ရှားသွားစေလေ၏။ ထို့အတူ သူ၏စိတ်ဓာတ်သည်လည်း၊ တခြားသို့ လွင့်ပါသွားတော့သည်။

လောကဓံနှင့် လောကဒဏ်တို့သည် အသံချင်း တူသော်လည်း မူအားဖြင့် အတော်ခြားနားပါပေသည်။ လာဘော-အလာဘော၊ ယသော-အယသော၊ နိန္ဒာ-ပသံသာ၊ သုခံ-ဒုက္ခစသော လောကဓံသည်၊ ကောင်းတစ်ခါ ဆိုးတစ်လှည့်၊ ဆိုးတစ်လှည့် ကောင်းတစ်ခါ သက်သာရာကို ပေးတတ်သေးလျက်...လောကဒဏ်ဆိုသော လောကဒဏ်မှာကား၊တစ်သက်ပတ်လုံး လူစတုံးအောင်မုန်းသလောက်

www.burmeseclassic.com

www.burmeseclassic.com



နှိပ်စက်သော သဘောတရားစင်စစ် ဖြစ်တော့သည်။

ထိုလောကဒဏ်၏ အနှိပ်အစက် ခံနေရသော ဦးတိုးအောင်၏ အစလမ်းခရီးတွင် သမီးဖြစ်သော ခင်မာရီ၏ ပယောဂကိုပါ အဆစ်ထည့်ပေးသလို ဖြစ်နေရပြန်သေးသောကြောင့်ပင် ဒုတိယအရွယ်ဟု ဆိုအပ်သော လေးဆယ်မှမပြည့်သေးသည့် နှစ်ပရိစ္ဆေဒအတွင်း အရေအသားလျော့ပါး၍ ဆံပင်များ ဖြူဆွတ်ကာ ပျော်ရွှင်ခြင်း အရိပ်အရောင်ကင်းမဲ့လျက် တကယ့်တောရ ပုဂ္ဂိုလ်ကြီးလို ရှိခဲ့ရလေသည်။

ဟသ်ာတမြို့ပေါ်တွင် ထင်ရှားသော လူကြီးလူကောင်း စာရင်းအရ ဦးတိုးအောင်၏အမည်မှာ ထိပ်ဆုံးက ဖြစ်ခဲ့သည်။ ဆန်စက်သူဌေး ဓာတ်မီးစက်ပိုင်ရှင်၊ လယ်ဧက အများဆုံးရှိသူ၊ မြူနီစီပါယ်ဥက္ကဋ္ဌ၊ သမာဓိမြို့ဝန်မင်း၊ ဟိုအသင်းဒီအသင်း၏နာယက ထိုပကာသနတွေကြောင့် ဦးတိုးအောင် စိတ်ဆင်းရဲခဲ့ရသည်ကို မည်သူမှမသိ။ အနီးစပ်ဆုံးဖြစ်သော ယောက္ခမ သူဌေးကြီးပင် မတွေးတော... မရိပ်မိခဲ့။

ပြဆိုခဲ့ပြီးသော ဂုဏ်တွေသည် သူတကာအဖို့ မြတ်နိုးစရာ၊ ခုံမင်စရာ၊ စွဲလမ်းနှစ်ခြိုက်စရာ၊ ဖြစ်ကောင်းဖြစ်ပေမည်။ ဦးတိုးအောင်၏ဘဝမှာကား၊ လောက၏ဒဏ်တွေ ဖြစ်ခဲ့လေသည်။ ဆံပင်ဖြူအောင် ပျော်ရွှင်မှုကင်းအောင် တနုံ့နုံ့မချိအောင် အခတ်ခံရသော လောက၏ ဒဏ်တွေဟုပင် ဆိုရပေမည်။ ထိုဒဏ်တွေကို ခံခဲ့ရသည်မှာ တစ်နေ့မဟုတ်၊ တစ်လမဟုတ်၊ တစ်နှစ်မဟုတ်။ ဘယ်နေ့၊ ဘယ်လ၊ ဘယ်နှစ်ကျမှ လွတ်ရမည်ကို မျှော်ခေါ်၍ မတွေးတတ် မမြင်နိုင်။ ထောင်တစ်သက်လွတ်ရက်မရှိဆိုသော အကျဉ်းသမားကဲ့သို့ ထိုလောကဒဏ်တွေ၏ ကြားတွင် သူ့တစ်သက် လွတ်ရက်မရှိ အာဏာပေးထားသလို ခံနေရရှာသည်။

ထိုသို့သော... ပြင်းထန်သည့် စီရင်ချက်ကို ချမှတ်လိုက်သော တရားသူကြီးမှာ ရုံးမှ တရားပိုင် အာဏာပိုင်များမဟုတ်... သူ့ကိုချစ်လှစွာသော ဖခင်ကြီးပင် လောကကြီးမှ ထွက်ခွာသွားခဲ့ပြီဖြစ်၍ သူ့သား၏ မရှုမလှ ခံနေရသည့် ဒုက္ခတွေကိုပင် မမြင်နိုင်တော့၊ ယင်းသို့ စီရင်ချက်ချမှတ်ခဲ့သော အာဏာရှင်ကြီးမျက်နှာလွှဲခြင်းကို ခံရသည့်တိုင်အောင် အာဏာအတည်ခံရသော ဦးတိုးအောင်မှာမူ လောကဒဏ်တွေကို မျက်နှာလွှဲ၍ မရသေး။

"တိုးအောင်... မင်း ငါ့စကားကို နားထောင်ရမယ် မိဘဆိုတာ ဆင်စီးလို့ မြင်းရံတာကိုသာ ကြည့်ချင်တယ်။ မင်းကို ဘီအေအောင်အောင် သင်ကြားခဲ့ရတာဟာ သူတကာရဲ့မိဘလို ကြွယ်မိုးကြွယ်ဝ ချမ်းသာလို့ သင်ခဲ့တာလား...မရှိမဲ့ရှိမဲ့ မုဆိုးမစု..စုပြီး၊ သင်ခဲ့ရတာလားဆိုတာ မင်းအသိပဲ...ဝင်ငွေ ရှစ်ဆယ်တစ်ရာက လတိုင်း.လတိုင်း မပို့ခဲ့ပေမဲ့ မင်းအတွက်ငွေ ခြောက်ဆယ်မှန်မှန် ပို့ခဲ့ရတာကို စဉ်းစားကြည့်စမ်း နောက်ပြီးတော့ ငါ့တစ်သက်နဲ့ မင်းတစ်သက်ကိုကြည့်ဦး၊ မင်းချမ်းသာလို့ ငါစားရမှာက ဆယ်နှစ်တောင် ရှိချင်မှရှိမယ်။ တစ်သက်လုံး လူနဲ့သူနဲ့တူအောင် နေသွားရမှာက မင်းအဖို့မဟုတ်လား။ မင်းကသာ မယူပါရစေနဲ့လို့ ငါ့ကိုငြင်းနေတာ ငါသာ မိန်းကလေးရဲ့ မိဘလောက် ချမ်းသာရင် မင်းလိုလူမျိုးနဲ့ မပေးစားသေးဘူးကွ... သိရဲ့လား...။ အခုတောင် ငါလည်လွန်လွန်းလို့ ကြံနိုင်ဖန်နိုင်လွန်းလို့ သူတို့က သဘောတူတာ...။ အဲဒီအခွင့်အရေးကြီးကို လက်လွှတ်မယ်ဆိုရင်ဖြစ်။ မင်းလောက်မိုက်တဲ့သားလည်း ကမ္ဘာပေါ်မှာ မရှိဘူး... ငါ့လောက်မိုက်တဲ့ ဖအေလည်း လောကမှာရှိမှာ မဟုတ်တော့ဘူး..."

ထိုစကားများမှာ တိုးအောင်ဖခင်၏ ရှည်လျားသော စီရင်ချက်နိဒါန်း ဖြစ်ခဲ့သည်။ အမှန်ကတော့ သူ့စေတနာကို ချီးကျူးရပေမည်...။ အထက်တန်း အမိန့်တော်ရဟုသာ ဆိုရသော်လည်း တိုးအောင်၏ဖခင် ဦးမောင်မောင်မှာ ငွေမချမ်းသာသလောက် ဉာဏ်ကြွယ်ဝခဲ့သည်။ နှံ့စပ်သော လူရည်လည်ကြီးတစ်ဦး ဖြစ်သည်။ ဓာတ်သိသူများကမူ "ရှေ့နေ မောင်မောင်ရှောင်.အိုအောင် မဆင်းရဲ"ဟုပင် ဥဒါန်းတင်ကြသည်အထိ ထင်ရှားခဲ့ပေသည်။

သူ့သား ကောလိပ်သို့ မရောက် ရောက်အောင် ရောက်ပြီးသည့်နောက် ဘီအေ မအောင်မချင်း မရှိမဲ့ရှိမဲ့ ကုတ်ကပ်၍ ပညာသင်ကြား စရိတ်ထောက်ခဲ့ရသည်ကို တိုးအောင် အသိပင်ဖြစ်သည်။ ထိုကြားထဲ တိုးအောင် မသိခဲ့ရသော သူ၏ကျောင်းစရိတ်များ ပါခဲ့သေးသည်။

လယ်ပိုင်ရှင်နှင့် လယ်သီးစား၊ အကြွေးရှင်နှင့် အကြွေးသမား၊ အိမ်ငှားနှင့် အိမ်ရှင်၊ လင်ကွာ မယားကွာနှင့် ကလေးစရိတ်... ဤသို့သော အရပ်သား ရိုးရိုးများ အကြားတွင် ဦးမောင်မောင် ခလောက်ဆံ၍ တရှေးလို

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တရားခံအဖြစ် ရုံးရောက်ပြီးသည့်နောက်... တစ်ဖက်ဖက်က ရှေ့နေလိုက်ရသောငွေကို တိုးအောင်ထံ ပို့ခဲ့ရသေးသည်။

တိုးအောင်တို့ လူပျိုခေတ်က ဘီအေ–အိုင်အေဈေးသည် ယခုခေတ် ဌာနချုပ်ဝန်ကြီးဈေးတွေလောက် ကောင်းခဲ့သည်။ ဘီအေ–အမ်အေ–အိုင်စီအက်(စ်)အထိ အောင်၍ မြို့အုပ်–ဝန်ထောက် အရေးပိုင်အဖြစ်ဖြင့် ရာထူးရာခံ ရသည့်တိုင်အောင် တစ်သက်လုံး မချမ်းသာနိုင်သည်ကို သိထားသော လူလည်ကြီး ဦးမောင်မောင်သည် သူ့သား ဘီအေအား အစိုးရလက်သို့ရောင်းသည်ထက် ချမ်းသာသော ယောက္ခမလက်သို့ ပုတ်ပြတ်ရောင်းသည်က ဈေးကောင်းပို၍ိမည်ကိုတွက်ကိန်းချပြီးဖြစ်ခဲ့သည်။ ထို့ကြောင့် ပင် ဟသံာတမြို့ပေါ်တွင် အင်္ဂလိပ်စာမတတ်ဘဲ ကြီးပွားချမ်းသာလာခဲ့သည့် တစ်ယောက်တည်းသော သမီးရှင် ဦးဘိုးရင်အား ဥပကာရမိတ်စစ် အတ္တယက္ခသီဆွေစစ်ဟု အသိအမှတ်အပြုကို ခံရသည့်တိုင်အောင် ကြိုးစားပမ်းစား အောက်ကျို့၍ ဆက်ဆံခဲ့သည်။

အဘယ်ကြောင့် အင်္ဂလိပ်စာမတတ်သော သူဌေး ဦးဘိုးရင်ကိုမှ ရွေးရသနည်းဟူသော မေးခွန်း၏ အဖြေမှာ ဘီအေ–အိုင်အေ ဆိုသောဘွဲ့ကို အင်္ဂလိပ်စာ မတတ်သူတို့ အဖို့မှာသာ ပို၍ အထင်ကြီးတတ်ကြောင်း ဦးမောင်မောင် သိရှိ၍ ဖြစ်ကောင်း ဖြစ်ပေမည်။

"သိန်းသုံးလေးဆယ်လောက် ချမ်းသာတဲ့ ရှေးရိုးအဘိုးကြီးရဲ့ အမွေခံသမီးကိုမှ မင်းက မယူချင်ပါဘူးလို့ ငြင်းရင် မင်းမိုက်လို့ရင်လည်း ဖြစ်ရမယ် ရူးလို့ရင်လည်း ဖြစ်ရမယ်... အေး...နောက်တစ်ခုတော့ ရှိသေးရဲ့။ အချစ်ရူးရူးပြီးတော့ တစ်ဦးဦးကို စွဲလမ်းနေလို့ရင်လည်း ဖြစ်ရမယ်။ ဘယ့်နယ်လဲ...ကျောင်းမှာ ရည်းစားများ ထားခဲ့လို့လား" ဟု ဦးမောင်မောင်က တဲ့တိုးကြီး မေးလိုက်သဖြင့် တိုးအောင်တွင် မော့၍ကြည့်နေသော မျက်နှာကို ငုံ့ပစ်လိုက်ရလေသည်။

"ရည်းစားရှိတယ်...ဟုတ်လား၊ ပြောစမ်းပါကွ မှန်မှန်"

"ဟုတ်ကဲ့..."

"အေး... ဟန်သကွာ... မင့်ရည်းစားက ချမ်းသာသလား"

တိုးအောင်က အဖြေမပေးခဲ့။ တို့နေး၍ နေလေသည် သူချစ်သောရည်းစား၊ သူ့ကို မျိုမတတ် ချစ်နေရှာသော ရည်းစားမှာ သူနှင့်ကံတူ အကျိုးပေးလို့ ဆင်းရဲလှသည်။ မျက်နှာငယ်လှသည်။

ဦးလေးတော် တစ်ဦး၏ ထောက်ပံ့သော ငွေကလေးနှင့် ကောလိပ်ကို ကုပ်ကုပ်ကပ်ကပ် တက်နေရသဖြင့် အဝတ်အစား အသုံးအဖြုန်းတို့သော်မှ... လူတန်းမစေ့ခဲ့ရှာ။ ထို့အတွက်... နာမည်သတင်း ကျော်စောခြင်းလည်း ကင်းမဲ့ခဲ့ရှာပြန်သည်။ သို့သော် တိုးအောင်ကို အကြွင်းမဲ့ ယုံကြည်ကိုးစား ချစ်ခင်ခြင်းမှာမူ တိုးအောင်ကိုယ်တိုင် ယုံမှားသံသယ မရှိ။

"မောင်...၊ မြတစ်သက်တာ၊ မြ ကျင်လည်ခဲ့ရတဲ့ ဘဝမှာ ယောကျ်ားတွေကို မရေမတွက်နိုင်လောက်အောင် တွေ့ဖူး၊ မြင်ဖူး၊ ဆက်ဆံဖူးတဲ့အထဲက မောင့်တစ်ယောက်ကျမှ မြင်မြင်ချင်း မြချစ်မိတယ်၊ မောင့်တစ်ဦးကျမှ မြအားကိုးမိတယ်၊မြကိုချစ်ပါစေ၊ သနားပါစေလို့ ဆုတောင်းမိတယ်။ တောင့်တတဲ့အတိုင်း မောင်က မြကို မနေနိုင်မထိုင်နိုင်အောင် ချစ်ပါတယ်လို့ဆိုတော့၊ မြရဲ့ဆုတောင်းပြည့်ဝပါပေါ့လားဆိုပြီး ဘုရားတရားကိုတောင် ကျေးဇူးတင်မိတယ်...။

"အဲသလို နှစ်ဦးနှစ်ဝ ချစ်ပြီးမှ၊ မြအပေါ်မှာ မောင်မေ့သွားတောင် အမှန်စစ်စစ်တော့ မောင့်အပြစ် မဟုတ်နိုင်တော့ပါဘူး၊ အစကနဦးကတည်းက မြင်မြင်ချင်းချစ်မိ ရွေးချယ်မိတဲ့ မြကိုယ်ပိုင်အပြစ်လို့ မြစိတ်ဖြေမှာပါပဲ..."

ထိုစကားများမှာ တိုးအောင်၏ လက်ချောင်းများကို သူ့လက်ချောင်းကလေးများနှင့် ဆုပ်နယ်ရင်း ပြုံးမဲ့မဲ့ ပြောခဲ့သော စကားကလေးများဖြစ်ရှာ...

"အသစ်ကိုတွေ့ရင် အချစ်ကိုမေ့သွားမှာလား"

"ငါးစိမ်းကိုမြင်လို့ ငါးကင်ကို ပစ်သွားမှာ စိုးတယ် မောင်ရဲ့"

"မောင်ကများ သစ္စာဖောက်သွားရင်တော့၊ မြ သေပစ်လိုက်မှာပဲ သိလား"စသော သမီးရည်းစားဘဝ ပလီပလာ နှဲ့ရိုးနှဲ့စဉ် နှဲ့သည်ထက် တကယ့်ကို စိတ်ထိခိုက်ခဲ့မိသည်။

ထို့ကြောင့် အလွန်တရာ ချစ်ကြောက်ရိုသေခဲ့ရသော ဖခင်ကြီးအား...

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သူ့ကို စကားလွန်ခဲ့ပြီ ဖေဖေ..."ဟု ဖွင့်ပြောမိသည်။

"ဘာ...ဘာ... ဘာစကားလွန်တာလဲ၊ ယောကျ်ားစကား ပြီးပြီးပျောက်ပျောက်ပေါ့ကွ... အရေးမကြီးပါဘူး" နားထဲသို့ နင့်ဝင်သွားအောင် ဖခင်ကြီးက ဟောက်လိုက်သည်။

"သူကတော့ ယောကျ်ားစကားဟာ ဆိုခဲစေ မြဲစေ ဆိုပြီး ယုံနေရှာလိမ့်မယ်..."

"အိုကွာ... အချစ်နဲ့ ပတ်သက်လာရင် ဘယ်သူမှ စကားမတည်ပါဘူး၊ မင့်ကိုသနားလို့ နတ်ပြည်တင် ဖင်အေးတယ်ဆိုပြီး ခုန်မချချင်ပါနဲ့။ မင်းရည်းစားဟာ ဦးဘိုးရင်သမီးလောက် ချမ်းသာမှာ မဟုတ်ပါဘူး"

"နှစ်ဦးနှစ်ဝ မချစ်ကြဘဲနဲ့ ပိုက်ဆံမက်ပြီး ယူရင် သိက်တူးတာလို့ အပြောခံရမှာ ရှက်စရာကောင်းပါတယ် ဖေဖေရာ..."

"ဟော့..... တိုးအောင် ငါက မင်းအဖေပါကွ"

"နောက်တစ်ခုကလည်း ဦးဘိုးရင်သမီး ရီရီဟာ ရည်းစားတွေ ဖြောက်သောက်ထားပြီး မျက်နှာများခဲ့တာ ဖေဖေလည်း အသိသားနဲ့..."

"ဒါကတော့ ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်ပါကွ။ မင်းတောင် ရည်းစားရှိခဲ့သေးတာပဲ။ သူလည်းရှိချင်ရှိမယ်ပေါ့၊ ယောကျ်ားကလေးဆိုတာ ဒေါင်လိုက်ကျကျ ပြားလိုက်ကျကျ နာဖက်မရှိပါဘူး။ လောကမှာ အရေးကြီးတာက ငွေကွ...ငွေ...၊ (ငွေ) ဆိုတဲ့ စာလုံးကလေးကို ဒင်္ဂါးအဝိုင်းကလေးနဲ့ တူတဲ့ (ဝဆွဲ) မပါရင်တောင် ရေးလို့မဖြစ်ဘူး။ အဲသလောက် အသုံးဝင်တာသာ ချင့်ကြည့်ပေတော့"

တိုးအောင်သည် အယူခံရှုံးသောအမှုသည်၏ မျက်နှာမျိုးနှင့် ဦးမောင်မောင်ကို မော့ကြည့်နေမိသည်။ သူ၏ မျက်စိထဲတွင်ကား သူ့ကို ချစ်လွန်းသောမြ။ ဖခင်ကြီး ထင်သလို အလွယ်တကူနှင့် မမေ့မပျောက်နိုင်သော မြ။ ဆင်းရဲတာကလေးတစ်ခုမှလွဲ၍ ဘာတစ်ခုမျှအပြစ်ရှာမတွေ့သော မြ ဖြစ်လေ၏။ ထိုသို့ဆင်းရဲခြင်းပင် တိုးအောင်၏ အယူအဆအားဖြင့် မထီမဲ့မြင် ပစ်စလက်ခတ် မလုပ်နိုင်သော အဓိကအချက် ဖြစ်တော့သည်။

စိန်ရွှေတဝင်းဝင်းနေသော ကျောင်းသူများအလယ်တွင် မျက်နှာငယ်ရှာသောကြောင့် တိုးအောင် ကိုယ်ချင်းစာ၍ သနားမိသည်။ ဆင်းရဲသိမ်ငယ်ခြင်း၏ ဒုက္ခအစစ်ကို ဆင်းရဲသူအချင်းချင်းသာ အကြွင်းမဲ့ ကိုယ်ချင်းစာ နားလည်နိုင်သည်။ မြ၏ အမြင်အားဖြင့်လည်း တိုးအောင်ကဲ့သို့ပင် သဘောပေါက်ခဲ့ရှာသည်။ ထို့ကြောင့် နီးစပ်မှုကို လွယ်ကူကြဟန် တူလေသည်။

ကရုဏာသည် မေတ္တာထက် အဆင့်အတန်းမြင့်၏။ မေတ္တာရှိလွယ်သော်လည်း ကရုဏာဖြစ်ခဲသကဲ့သို့ မေတ္တာပျက်လွယ်သော်လည်း ကရုဏာ ပျက်ခဲလှသည်။ ထို့ကြောင့် အမြဲတေနှင့်တူသော တိုးအောင်တို့၏ ချစ်ခြင်းကို လွယ်လွယ်ကူကူနှင့် ဖျက်မွှေချေမှုန်းခွင့် မရ။

ငွေကိုမက်၍လူကိုထိုးအပ်လိုက်မှုသည်မိန်းကလေးသာဖြစ်လျှင် ကြေးစားမ၊ မိန်းမရှင်၊ ပြည့်တန်ဆာဟု ဆိုနိုင်ကြသည်။ ယောကျ်ားတစ်ဦးအနေကား သိုက်သမား၊ ဟုသာ လောကက ခဏကလေး အပြစ်တင်ကြသည်။ တရားသဖြင့်သော ဝေါဟာရဖြစ်ခဲ့ပါမူ ယောကျ်ားရှင်၊ ကြေးစားသမားဟုပင် ဆဲဆိုနိုင်ခွင့် ရှိစေရမည်။ ထိုဘဝကိုတော့ အရောက်မခံဟု... တိုးအောင်ဆုံးဖြတ်ပြီး ဖြစ်လေသည်။

"စိတ်မပူပါနဲ့ မြရယ်... မြလည်း ဂျူနီယာ ရှိသေးတာပဲ။ ကျောင်းဖွင့်ရင် ဘီအယ်(လ်)ကို မောင် ဆက်တက်မှာ မို့ မြနဲ့ တွေ့နိုင်ပါသေးတယ်။ ဖေဖေက ဆက်မထားတောင် ကျောင်းမှာ ကျူတာလုပ်ရင်း ဆက်ယူမှာပေါ့...။ မောင့် အပေါ်မှာတော့ စိတ်သာချ၊ မြကို တစ်သက်လုံး မမေ့ဘူး" ဟု နောက်ဆုံးကျောင်းပိတ်၍ ခွဲခွာအံ့ဆဲဆဲ... မြ၏ မျက်ရည်လည်ရွဲကလေးကို ကြည့်ရင်း နှစ်သိမ့်ခဲ့သေးသည်။

"မောင့်အပေါ်မှာ... မြ လေ့နံ့ဓားထစ် စိတ်ချထားပါတယ်။ အကြောင်းကြောင်းတွေကြောင့် မောင် ကောလိပ်ကို ပြန်မလာဖြစ်တောင် မောင့်အပေါ်မှာ... မြ ဘယ်လိုမှ သံသယရှိမှာမဟုတ်ပါဘူး။ အို... နောက်ဆုံးလေ.... မောင် တခြားလူကို ယူသွားတောင် မောင်ချစ်တာကတော့ မြပဲ။ မြထက်တော့ မောင် ဘယ်သူ့ကိုမှ ပိုချစ်ရမှာ မဟုတ်ဘူး။ အခြေအနေအရ ဂုဏ်နဲ့ငွေကြောင့် မောင် ယူရတာပဲ...လို့ ကိုယ့်စိတ်ကိုယ်ဖြေပြီး မသေမချင်း မောင် ကြီးပွားတဲ့သတင်းကို ဒီခန္ဓာကိုယ်အတိုင်း နားထောင်နေမယ်" ဟု

www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်သောစကားများသည်... တိုးအောင်၏နားသို့ အခြား မည်သူတစ်ဦးတစ်ယောက်မှ နောက်ထပ်ပြောနိုင်ဖွယ် မရှိသော ကရုဏာစကားလေးများ ဖြစ်ခဲ့သည်။

ထို့ကြောင့်သာလျှင် တစ်သက်လုံး ရှုံ့ကြောက်ခဲ့၊ သြဇာညောင်းခဲ့ရသော ဦးမောင်မောင်၏ အလိုဆန္ဒကို ဤတစ်ကြိမ် ဤတစ်ခါ ရဲရဲတင်းတင်းကြီးခေါင်းမာ ဆန့်ကျင်ဘက် ပြုခဲ့ရတော့သည်။ ပြုရဲရတော့သည်။

"ဖေဖေ့စေတနာကို ကျွန်တော် ကြည်ညိုပါတယ်။ ကျွန်တော့်ကို ဒီအခြေအနေထိအောင် သုတ်သင်ကျွေးမွေးခဲ့တာ ဒီအဆင့်အတန်းအထိ ပညာသင်ပေးခဲ့တာတွေဟာ ကျေးဇူးဆပ်လို့ ကုန်နိုင်စရာ မရှိပါဘူး။ ဒါပေမဲ့ ရီရီကိုတော့ ကျွန်တော် မယူပါရစေနဲ့။ ဖေဖေပေးသမျှ အပြစ်ကို ကျွန်တော် ခံရတော့မှာပဲ"ဟု ဦးမောင်မောင်၏ မျက်နှာကို ရဲရဲဝံ့ဝံ့ဆိုင်၍ တည်တည်ခန့်ခန့်ကြီး ပြောလိုက်သည်နှင့်–

"ဒါ နောက်ဆုံးစကားလားကွ.... တိုးအောင်ရ"ဟု လက်သီးကိုဆုပ်၍ မတ်တတ်ကြီး ထလိုက်သည့်တိုင်အောင် တိုးအောင်မှာ ပြုသမျှခံတော့မလို မလှုပ်မယှက် ထိုင်နေရာက ခေါင်းညိတ်ပြလိုက်လေ၏။

ဤသို့ဖြင့် တိုးအောင်၏ အစွဲကို ပယောဂ ဆရာ ဦးမောင်မောင်ကိုယ်တိုင် နေ့စဉ်ရက်ဆက် ချွတ်လွဲသော်လည်း မရနိုင်ခဲ့။ သို့သော် ဉာဏ်နီဉာဏ်နက်တို့ဖြင့် ကုံလုံကြွယ်ဝသော ဦးနှောက်နှင့် မွတ်မွတ်လည်အောင် လှည့်နိုင်သော လျှာတစ်ချောင်းဖြင့် ဥပဒေပုဒ်မတွေအလယ်တွင် ရှေ့နေလုပ်ခဲ့သော ဦးမောင်မောင်အဖို့ တိုးအောင်၏ဖူးစာကို အလွယ်တကူ အရှုံးမပေးနိုင်ပေ။

"ကဲ...တိုးအောင် ပြောလို့မှ မရရင် မင်းဘဝကို မင်းပဲ ဖန်တီးပေတော့၊ ငါ သင်ပေးခဲ့တဲ့ ပညာဟာ... ဖအေကို အာခံနိုင်လောက်မှကိုကွ။ ဥပမာတစ်ခုတော့ ပြောပြလိုက်မယ်။ သိုက်တူးသွားကြတဲ့ သားအဖနှစ်ယောက် ဖအေလုပ်တဲ့လူက သားရှေ့ကိုယ်ပါ ချမ်းသာဖို့ လောဘတကြီးနဲ့ ငွေကို အားရပါးရ ကျုံးနိုင်အောင် ဆေးကြိမ်လုံးကို သားလက်အပ်မိတယ်။ သားကတော့ ဥစ္စာစောင့်မကာမြူတာနဲ့ ဖအေကို ဆေးကြိမ်လုံးနဲ့ ရိုက်ပြီး သိုက်တံခါးအပိတ်ခိုင်းလိုက်တယ်။ အေး အခုလည်း ဘိအေဆိုတဲ့ ဆေးကြိမ်လုံးကို မင်း ပိုင်နေတော့တာမို့ ငါ့ကို သိုက်တံခါးအပိတ်ခိုင်းလိုက်တာပေါ့ကွယ်။ အင်း... သိုက်တံခါးပိတ်သွားရင် ဘယ်သူမှ အသက်ရှင်ကြမှာ မဟုတ်ဘူးဆိုတာ မင်းစဉ်းစားပေတော့ကွယ်...နော်...ငါ့သား"

ဤစကားဖြင့် တိုးအောင်ကို ဖမ်းလိုက်သည်။ ရန်ကုန်ကို ပြန်၍ မြနှင့်မတွေ့တွေ့အောင် ဘိအယ်(လ်) ပြန်တက်မည်ဟု တစ်ထစ်ချ ကြံစည်ထားသော အစီအစဉ်ကို ခေတ္တအားဖြင့် ဆုတ်ဆိုင်း၍သွားစေသည်။ မိုက်တိမိုက်ကန်း ဇွတ်တရွတ်နိုင်လှသော ဖခင်ကြီး၏အကြောင်းကို သိသဖြင့် သံသယဖြစ်မိသည်။ သူထင်ရာ လွှင့်သွားနိုင်သည့်တိုင်အောင် နောက်ပိုင်းတွင် ကျော်မကောင်း ကြားမကောင်းအောင် တစ်ခုခုဖြစ်ကျန်ရစ်ခဲ့မှာ စိုးရသေးသည်။

တိုးအောင်ကို ထိုအကြောင်းနှင့်ပတ်သက်၍ တစ်ခွန်း တစ်ပါဒမှ မပြောတော့သော ဦးမောင်မောင်သည် တစ်ညတွင် စိတ်ရှည်လက်ရှည် ဘုရားကို အချိန်အတန်ကြာအောင် ကြည်ညိုရှိခိုးနေသည်။ ထို့နောက် သူ့အခန်းတံခါးကို ပိတ်၍ အစောကြီး အိပ်ရာဝင်ခဲ့သည်။ ထိုကဲ့သို့ မသင်္ကာစရာတွေကို ပြုလုပ်ခဲ့ပြီးမှ ည ၁၂ နာရီလောက် အချိန်တွင် ကုလားထိုင်လဲသံတစ်ခုကို တိုးအောင် ကြားလိုက်ရသည့်အတွက် အိပ်ရာပေါ်တွင် ပက်လက်လှန်ကာ အမျိုးမျိုးစဉ်းစားနေရာက၊ ကမန်းကတန်း ထ၍ ကြည့်မိသည်။ ဦးမောင်မောင်၏ အခန်းတံခါးမှာ အတွင်းက မင်းတုံး ချထားသောကြောင့် ခေါ်ကြည့်သည်တိုင်အောင် ပြန်၍ထူးသံ မကြားရ။ ထို့ကြောင့် ဆယ်ပေကျော်ကျော်လောက်ရှိသော နံရံကိုတွယ်၍ တက်ကြည့်လိုက်သည်တွင် တိုးအောင် စိတ်ထင်သည့်အတိုင်း ဦးမောင်မောင်ကို ကြိုးတန်းလန်းနှင့်တွေ့ရသည်။ ကြိုးတန်းလန်းဆိုသော်လည်း၊ လည်ပင်းတွင် စွပ်လျက် လူတွဲလောင်းခိုလျက် တန်းလန်း မဟုတ်၊ လက်တွင် တန်းလန်းကိုင်ထားသော ကြိုးမျှသာ ဖြစ်သည်။ ဤပြယုဂ်သည် ကိုယ့်ကိုယ်ကို ကြိုးဆွဲချရန် ကြိုးကို ကုလားထိုင်နှင့် တက်၍ ချီရာက ကုလားထိုင်လဲကျ၍သွားသော ပုံမျိုးဖြစ်လေသည်။

လောဘသည် လူမိုက်ကို သတ်နိုင်သည်။ ထို့ကြောင့် မိုက်ရူးရဲကြီး ဦးမောင်မောင်ကို မောင်တိုးအောင်က စိတ်မချနိုင်ခြင်းဖြစ်ရာ၊ ဦးမောင်မောင် ကိုယ်တိုင်က ပရိယာယ်ဝေ့စ်နှင့် လုပ်သည် မလုပ်သည်အပထား၊ ဘုရားနှင့် တစ်ဂိုဏ်းတည်းပြုသော မွေးသဖခင်အနေနှင့် ကိုယ့်ပယောဂကြောင့် ပက်ပက်စက်စက် မျက်စိအောက်၊

www.burmeseclassic.com



နား အောက်တွင် အဖြစ်မခံရဲတော့။

ထိုသဘောတရားတွေကို ငုံညှာရခြင်းဖြင့်၊ ဖခင်ကို အနိုင်ပေး၍ အရှုံးခံလိုက်ရကာ သူ၏အပြစ်မဲ့သော မြကို သစ်ခြောက်ချိုး ချိုးလိုက်ရရှာတော့သည်။ ဤစကားသည် မှန်၏။ သစ်စိမ်းကို ချိုးလိုက်သည့်အခါ ပြတ်ပြတ်တောက်တောက်မဖြစ်။ အကြော၊ အမျှင်၊ အခွံ၊ အခေါက်တို့ကြောင့် အလွယ်တကူနှင့် ချိုး၍မရ ရပြန်သည့်တိုင် တစ်ပိုင်းနှင့် တစ်ပိုင်း တိုးလိုးတန်းလန်း ဆက်သွယ်နေပေသေးသည်။ သစ်ခြောက်ကို ချိုးလိုက်ရသောအခါတွင်မူကား လွယ်လွယ်ကူကူ ပြတ်ပြတ်တောက်တောက် နိုင်လှသည်။

ထို့အတူ တိုးအောင်ကိုယ်တိုင် အကြောင်း တစ်စုံတစ်ရာမပြ။ မြ၏မျက်နှာ ငယ်ဘဝ အောက်ကျသော ဇာတ်လမ်းကို ပွဲမပြီးခင် ပြည်ဖုံးကား ဖွတ်အုပ်၍ ချလိုက်ရလေသည်။ အခြေအနေအရ မလွှဲသာ မရှောင်သာ၍ လွှဲဖယ်လိုက်ရပါသည်ဟူသော စကားမျိုး၊ စာမျိုး သတင်းမျိုးကိုပင် မြအား အသိမပေးချင်ခဲ့။ မြ၏အချစ်ကို တိုးအောင် သံသယ မရှိသကဲ့သို့ တိုးအောင်၏ အချစ်ကိုလည်း မြ ဒွိဟမဖြစ်ခဲ့ဟု တိုးအောင်သိခဲ့သည်။

ထို့ကြောင့်...

“ကမ္ဘာမှာ ငါ့ကိုပဲ သူ ချစ်တယ်”ဟူသော အတွေးမျိုးဖြင့် မြတစ်သက်တာတွင် စိတ်အဆင်းရဲကြီး ဆင်းရဲနေရရှာမည်ထက် သစ္စာဖောက် လူယုတ်မာတစ်ယောက် အမှတ်ဖြင့် ချင်းစိမ်းနှင့် မိဿလင် သူ မကြင်လျှင် ကိုယ်မုန်းတမ်းပေါ့...ဟူသော ဒေါသစိတ်နှင့်သာ လွမ်းစရာပေါ်လျှင် နာစရာနှင့် ပိတ်နိုင်အောင် ဖွတ်မိုတ်၍ ရက်စက်ကြောင်း ပြလိုက်သော သဘော ဖြစ်လေ၏။

* * *

ဆားမပါသော ဟင်း။

ထင်းမပါသော မီး။

စည်းမပါသော ဂီတ။

၄င်းတို့သည် အားရစရာမရှိ။ ထို့အတူ အချည်းနှီးသော အချစ်ဖြင့် တိုးအောင်သည်... သိုက်ဆရာကြီး ဦးမောင်မောင်၏ အစီအရင်အတိုင်း ရီရီနှင့် လက်ထပ်လိုက်ရသည်။ ယောက္ခမဘက်မှ အားတက်သရော အကုန်အကျခံသောကြောင့် ကြီးကျယ်ခမ်းနားစွာ ရှိပါဘိသည်။ သို့သော် တိုးအောင်၏အမြင်မှာ သိုက်တံခါးဝတွင် ကန်တော့ပွဲတွေ စုံစုံလင်လင်နှင့် ဆန်မန်းပေါက်ပေါက်ကြဲကာ သိုက်တူးပွဲ လုပ်နေသည်နှင့် ထပ်တူထပ်မျှ ဖြစ်တော့သည်။ သူ၏ဖခင်ဦးမောင်မောင်မှာကား... သိုက်ဆရာကြီး ပီသစွာ ခေါင်းပေါင်းစ တထောင်ထောင်၊ နှုတ်ခမ်းမွေးတကားကား ကြွားဝင့်ပြုံးပျော် အမော်ကြီး မော်နိုင်သလောက် တိုးအောင် အဖို့မှာမူ ကံပစ်ချရာ ခံရသော တရားခံစင်စစ် ဖြစ်ပေတော့သည်။

တစ်မြို့လုံးတစ်ရွာလုံး လည်ပတ်သော ဦးမောင်မောင်ကို အံ့သြကြရ၍ ကံကောင်းသော သူဌေးလောင်းဘိအေကို ချီးကျူးကြပေသည်။

သူဌေးသမီး ရီရီ။

လှပသော ရီရီ။

ခေတ်ပညာတတ်သော ရီရီ။

ယောကျ်ားတိုင်း တောင့်တထိုက် အလိုရှိအပ်သော သတို့သမီးဖြစ်ပါပေသည်။ ထိုသတို့သမီးမျိုးနှင့် စုလျားရစ်ပတ် လက်ထပ်ထိမ်းမြားရသော သတို့သားကို အများချီးကျူးကြရပေမည်။ သို့သော်... ယောက္ခမအိမ်တက် သမက်သဖွယ် မျက်နှာငယ်...ဆိုသော စကားအတိုင်း ရီရီတို့အိမ်သို့ လိုက်ပါလာ၍ သတို့သမီးအား နီးနီးကပ်ကပ် ဝေဖန်ခွင့်ရသောအခါ...

ခေတ်ပညာတတ်သောကြောင့် ထောင့်မကျ၊ ဦးမကျိုး ပလွှားချင်သော ရီရီကိုသာ တွေ့ရသည်။ ရီရီ၏ မာနသည် ပကာသနတွေအဖျားတွင် တလွှားလွှားဝင့်နေကြောင်းသိရသည်။ လက်ထပ်ပြီးခါစ လူချင်းစိမ်း၍ ခပ်တိမ်းတိမ်းနေခဲ့သည်ဟု ရီရီကို ထင်မိသည်။ သို့သော် မထူထိုင်းသော တိုးအောင်သည် သူ့အထင်နှင့် သူ့အမြင် ပါစင်အောင်လွဲကြောင်း အရိပ်အကဲနှင့်ပင် သိနိုင်၏။

အမှန်စင်စစ်ပြောရလျှင် တိုးအောင်က သူ့အပေါ် နှစ်နှစ်ကာကာမရှိသလို တိုးအောင်အပေါ်၌လည်း ရီရီကိုယ်တိုင်က နှစ်နှစ်ကာကာရှိပုံမရ။ ငွေမက်သော ဦးမောင်မောင် ပယောဂကြောင့် ရီရီကို ယူရသကဲ့သို့ ဘိအေမက်သော ဦးဘိုးရင်၏ပယောဂကြောင့် တိုးအောင်ကို ရီရီက ယူရသလိုရှိလေသည်။ ထိုသည့်တိုင်အောင် တိုးအောင်ကိုယ်တိုင်အဖို့မှာ ငွေကိုမစုံမက်။ ရီရီကိုယ်တိုင်ကလည်း ဘိအေကို အထင်မကြီး။

www.burmeseclassic.com

www.burmeseclassic.com



ထင်ရှားသော ပုဂ္ဂိုလ်ဟူသမျှတို့နှင့် ရီရီ အကျွမ်းဝင်ခဲ့သည်။ ပေါင်းသင်းဆက်ဆံ၍ ဂုဏ်ယူခဲ့သည်။ ဥပမာ အရေးပိုင်၊ ဝန်ထောက်၊ မြို့အုပ်၊ ဆရာဝန်၊ မြူနီစီပါယ် စက္ကရီတေရီ၊ အင်္ဂလိပ်ကျောင်းဆရာမှစ၍…၊ မှစ၍…

မင်းကတော်၊ သူဌေးကတော်၊ အရာရှိကတော်တွေထက် သူတို့ သူတို့၏ မင်းယောကျ်ားခင်ပွန်းများနှင့် ပို၍ပလဲနံပသင့်ခဲ့သည်။ ထိုအထဲ…ထိုအထဲတွင် မင်းပျို မင်းလွင် မောင်လုလင်တို့နှင့်မူကား ထူးထူးခြားခြား ပွန်းတီးလှသည်။

ယောက္ခမကြီး ဦးဘိုးရင်မှာ နဂိုကတည်းက ခပ်အေးအေးဖြစ်ရသည့် အပေါ်တွင် ကောင်းစွာကျန်းမာလှသည်မဟုတ်သဖြင့် သမီးကို နေရာတိုင်းအခါတိုင်း ဆိုဆုံးမခွင့်မရခဲ့။ ထိုကြောင့်သာလျှင် လင်ပေးစား၍ မယားကို ဆုံးမရန် သမက်ကိုအပ်နှံလိုက်ခြင်း ဖြစ်လေသည်။ ထိုမျှသာမက လက်ထပ်ပြီး၍ မကြာမြင့်မီပင် ဆန်စက် မီးစက်တို့ကို တိုးအောင်အား စီမံအုပ်ချုပ်ရန် လွှဲအပ်လိုက်သည်။ သက်ရှိဖြစ်သော မယားကို စိတ်တိုင်းကျ မအုပ်ချုပ်နိုင်စေကာမူ သက်မဲ့ဖြစ်သော အလုပ်များ အပေါ်၌ကား တိုးအောင်၏ဝီရိယ၊ ဉာဏ်၊ တော်ဖြောင့်ခြင်း စသည်တို့က အမြတ်စာရင်းတွင် ဂဏန်းနှင့်ပြလိုက်သဖြင့် ယောက္ခမကြီး၏ အကြွင်းမဲ့ယုံကြည်ကိုးစားခြင်းဆုလာဘ်ကို ပထမဦးစွာ ခံယူလိုက်ရပေသည်။

လင့်ဝတ္တရား၊ မယားဝတ္တရားဟူရာ၌ ဆင်းရဲသားအဖို့သာလျှင် ပို၍ပေါ်လွင်နိုင်ပေမည်။ အချက်အပြုတ်အစေခံ၊ အဖွပ်အလျှော် အစေခံ၊ အပြုအစု အစေခံ၊ အနှိပ်အနင်း အစေခံ၊ အစေခံတွေနှင့် ဝိုင်းဝိုင်းလည်နေသော သူဌေးမောင်နှံကြား၌ အအိပ်အစားမပျက်ဘဲ လင်မယားမျက်နှာချင်း မဆိုင်နိုင်ခွင့်တွေ အများကြီး ရှိခဲ့သည်။

သူ့ဂုဏ်၊ သူ့သိမ်၊ သူ့စည်းစိမ်တွင် အရှိန်ဝင်၍ ယူရသကဲ့သို့ ဖြစ်သောကြောင့် နေရာတိုင်းတွင် ရီရီ့အပေါ်ဝယ် ဩဇာမရှိခဲ့။ ရီရီကို ထားဘိဦး။ အိမ်ရှိအစေခံ အားလုံးအပေါ်၌ပင် တိုးအောင်၏ အာဏာမတည်ချင်ခဲ့။ အချို့အချို့သော အစေခံများသည် သူတို့၏သခင်မဘက်သာ ပုဂ္ဂလမိဋ္ဌာန် ကြည်ညိုစိတ်သန်ခဲ့ကြရကား၊ မှန်ချင်မှန်၊ မှားချင်မှား။ ရီရီ့ဘက်သားများသာဖြစ်ကြသည်။ နောက်မှပေါ်သည့် ရွှေကြာပင်။ သူတို့အိမ်သို့ သူတို့နောက်မှ ဝင်ခဲ့ရသော သူစိမ်းတစ်ဦး၏အခွင့်အရေးမှာ အရင်းလဲမှ အဖျားထင်းဖြစ်နိုင်သကဲ့သို့ သူတို့ဘုရင်မ မာန်စွယ်ချိုး၍ ခယခြင်းမပြုသမျှ တုပ်ကွရိုကျိုးရန် လိုသေးသလို ရှိကြသည်။

အခါတစ်ပါး တိုးအောင်သောကများဖို့ အကြောင်းတစ်ခုတိုးခဲ့လေသည်။ ဟသာၤတစီရင်စုအတွက် မက္ကဒေါ်နယ်အမည်ရှိ မျက်နှာဖြူအရေးပိုင်တစ်ဦး ပြောင်းလာခဲ့ရာ၊ ၎င်းအရာရှိကြီးနှင့် မြို့မျက်နှာဖုံးများ မိတ်ဆက်ပွဲ ကျင်းပသောအခါက စခဲ့သည်။

နဂိုကတည်းက မင်းပွဲစိုးပွဲဟူသမျှ ရီရီ မပါမနေခဲ့သော ရီရီမှာ ထိုမိတ်ဆက်ပွဲသို့ တိုးအောင်နှင့်အတူ လိုက်ပါခဲ့သည်။ ဤနေရာမျိုး၌ တိုးအောင်သာလျှင် မသွားဘဲနေက နေမည်။ ရီရီအဖို့ကား မသွားလို့မဖြစ်။ အမှန်စင်စစ်ဆိုပြန်တော့ တိုးအောင်လည်း မသွားဘဲ မနေသာ။ ဟသာၤတမြို့၏ မျက်နှာဖုံးထဲတွင် နာမည်ကျော် သူဌေးတစ်ဦး၏သားမက် သူဌေးလောင်းကလေးတစ်ဦး ဖြစ်ခဲ့သည် မဟုတ်ပါလော…။

မျက်နှာဖြူအရေးပိုင်မှာ အတော်လူရည်လည်သော အထက်တန်းအရာရှိကြီးတစ်ဦးဖြစ်သည်။ ကမ္ဘာ့ဝါ ဖတ်နိုင်လောက်အောင် ဗမာစကားတတ်သည်။ ဥပမာ၊ ဥပမေယျ ပုံတိုပတ်စနှင့်အနားက လူမထနိုင်လောက်အောင် ဗမာစကား ကြွယ်ဝသော ဘိလပ်သားအစစ် ဖြစ်သည်။ နိုင်ငံရေးကို ကျောထောက်နောက်ခံ ပညာတစ်ခုပြု၍ လူတိုင်းလူတိုင်းအား ဖော်ရွေလွန်းလှသည်။ ထိုထက် အထူးခြားဆုံးသော ဂုဏ်တစ်ခုမှာ အသက်အရွယ် သုံးဆယ်လောက်သာ ရှိသေး၍ လူပျိုကြီးဘဝနှင့် နေခဲ့ခြင်းပင် ဖြစ်တော့သည်။

"အိုး…သူဌေးကတော်ကြီးက အချောကြီးပဲ၊ခင်ဗျားတော့ သိပ်ကံထူးတာပဲ၊ ဦးတိုးအောင်…" ဟူသောစကားသည် တိုးအောင်နှင့် ရီရီအား မည်သူမည်ဝါဟု သိပြီးသည်နှင့် တစ်ပြိုင်နက် နှုတ်ဆက်လိုက်သော ပဋိသန္ထာရစကားဦး ဖြစ်တော့သည်။

"သိကျွမ်းရတာ ဝမ်းသာပါတယ်ခင်ဗျာ"ဟု အရေးပိုင်က ထုံးစံအတိုင်း တိုးအောင်ကို လက်ဆွဲ၍ နှုတ်ဆက်လိုက်သောအခါသာ ပြုံးရိုးပြုံးစဉ်ပြုံးပြသော်လည်း သူဌေးကတော် ရီရီ၏လက်ကို ဆွဲကိုင်လိုက်သောအခါကား မျက်နှာဖြူ၏ မျက်လုံးများမှာ ရွှန်းရွှန်းစားစား ဖြစ်သွား

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သည်နှင့်အမျှ ရီရီ၏ နှုတ်ခမ်းပါးကလေးမှာလည်း လခြမ်းကွေးကလေးလို ပြုံးသွားကြောင်း တိုးအောင် အမှတ်တရ မြင်လိုက်ရသည်။

"ကျွန်မတို့အိမ်ကို မိတ်ဆွေရင်းတစ်ယောက်အိမ်ကဲ့သို့ အလည်အပတ်လာဖို့ ကျွန်မ ဖိတ်ကြားပါတယ်..." ဟု ရီရီက အဘိယာစကနှင့် တံခါးဖွင့်ထားလိုက်သည်။ ထိုစကားမှာ ဗမာလိုပြောခြင်းမဟုတ် အင်္ဂလိပ်မျက်နှာဖြူကို အင်္ဂလိပ်မကလေး တစ်ယောက်ကဲ့သို့ သွက်သွက်လက်လက်ပြောလိုက်သော ဘိုစကားဖြစ်လေသည်။ ရီရီက ဤသို့စတင်၍ ပြောလိုက်ပြီးသည့်နောက်–

"ဟုတ်ပါတယ်... အလည်လာဖို့ ကျွန်တော် ဖိတ်ပါတယ်..."ဟု တိုးအောင်က ဆက်လက်၍ လောကွတ်ချော်လိုက်ရသည်မှာမူ ဓမ္မတာအတိုင်းပင် ဖြစ်တော့သည်။

မစ္စတာမက္ကဒေါ်နယ်သည် အရှေ့တိုင်းသား မြန်မာများအပေါ်၌ အတော်မေတ္တာထားတော်မူဟန် ရှိသည်။ ထို့ကြောင့် မြို့၏အခြေအနေ၊ နယ်၏အခြေအနေကို စုံစမ်းရန် တိုးအောင်တို့အိမ်သို့ အလည်အပတ် မကြာခဏ ရောက်ခဲ့သည်။ သို့သော်... တိုးအောင်မှာ မြို့၏ဆင်ခြေဖုံးတွင်ရှိသော ဆန်စက်အလုပ်ကို ဦးစီးနေရသောကြောင့် လည်းကောင်း၊ ဟသံ်ာတခရိုင်အတွင်းရှိ လယ်မြေများ အရေးနှင့်သော်လည်းကောင်း၊ ယောက္ခမအလုပ်တွေ ရှုပ်နေမြဲဖြစ်သဖြင့် ရွှေမေတ္တာ စူးရောက်သည့် မျက်နှာဖြူတစ်ယောက်ကို အခါတိုင်း အခါတိုင်းဧည့်ဝတ်ကို မကျေပွန်နိုင်ရှာ၊ ရီရီတစ်ယောက်သာလျှင် လောကွက်ကောင်းသည်၊ စေတနာသန်သည်၊ ဆက်ဆံ၍ မွန်ရည်သည်ဟူသော မြန်မာတစ်မျိုးလုံးဂုဏ်ကို ခြုံ၍ယူနေရှာတော့သည်။

ညနေတိုင်း ရီရီကိုယ်တိုင် ကားမောင်း၍ လေညင်းခံထွက်လေ့ရှိသည်။ ထိုသို့ ကားနှင့်ထွက်သွားတိုင်း အပြန်တွင် မစ္စတာမက္ကဒေါ်နယ်၏အိမ်သို့ ဝင်လေ့ရှိသည်။တစ်ခါတစ်ရံ အရေးပိုင်နှင့် ကားအတူမောင်း၍ မြို့ပြင်လမ်းသို့ ထွက်လည်ကြသည်။ သို့မဟုတ်အရေးပိုင် ပန်းခြံအတွင်းတွင် လင်မနစ်ဖျော်ရည်သောက်ရင်း စကားလက်ဆုံကျသည်။ ဤကိစ္စနှင့် ပတ်သက်၍ တိုးအောင်က ကန့်ကွက်သောအခါ–

"ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ယောက်နဲ့ ဆက်ဆံတာကို ကိုတိုးအောင် ဒီလိုသဘောထားသေးရင် ကိုတိုးအောင် ဂုဏ်ပျက်မှာပေါ့...။ ရီရီကတော့ ကိုတိုးအောင်နဲ့ မညားခင်ကတည်းက ဒီလိုလွတ်လွတ်လပ်လပ် နေခဲ့တာပဲ... အပျိုတုန်းကတောင် နေခဲ့တာမျိုးမို့ ထင်ထင်ရှားရှား အိမ်ထောင်ရက်သားဘဝမှာ ဘယ်သူမှ အရေးစိုက်စရာမလိုဘူးလို့ ထင်တာပဲ... နောက်ဆုံးတော့ ကျွန်မမှာ ဆင်ခြင်တုံတရားရှိတယ်ဆိုတာ သတိပြုစေချင်တယ်" ဟု ခပ်ခန့်ခန့်ပင် ပြန်ဖြေတတ်သည့်အတွက် စကားမရှည်လိုသော တိုးအောင်တွင် သက်မချကာသာ ပေယျာလကန် ထားလိုက်မိတော့သည်။

တစ်နေ့သော်... ည ၇ နာရီလောက်မှ ရီရီအိမ်သို့ ပြန်ရောက်သည်။ ထိုအခါ ရီရီတွင် အဖော်ပါလာတော့သည်။ ထိုအဖော်မှာ ရှန်ပိန်အရက်ဖြစ်ကြောင်း တိုးအောင် သိလိုက်သည်။ ဤအထိ တိုးအောင်သည်းမခံနိုင်တော့ပေ။ ရှက်ကြောက်အားနာစွာနှင့်ပင် ယောက္ခမကြီးအား တိုင်ကြား၍ စကားဆိုရတော့သည်။ လင်မယားချင်း ပဋိပက္ခ ဖြစ်ကြရသည်။

"ရီရီ...နင်တယ်မိုက်ပါကလား။ မောင်တိုးအောင် စကားကို နားမထောင်ရင် နင်တစ်သက်လုံး ဒုက္ခရောက်တော့မှာပဲ..."ဟု လူမမာ ဖခင်ကြီးက အားလျော့ စိတ်ပျက်စွာ ညည်းရှာသည်။

"အို... ကျွန်မကို အထင်သေးတဲ့ လူနဲ့ မပေါင်းချင်တော့ဘူး၊ သူ ကွာချင်ရင်ကွာပါစေ... နောက်ပြီးတော့လည်း သူကိုယ်တိုင်က ကျွန်မကို ချစ်လို့ယူတာမှ မဟုတ်ဘဲ၊ ငွေမက်လို့ယူတာ၊ ကျွန်မကလည်း... ဖေဖေ့စကားကို သနားပြီး နားထောင်ရလို့ ယူရတာဆိုတာ... ဖေဖေလည်း အသိသားပဲ..."ဟု အရက်မူးမှ ကျွဲခိုးပေါ်လေသည်။ တိုးအောင်သည် ဤစကားကို ရှက်နာကြီးနာမိသည်။ ထို့ကြောင့်...

"ဟုတ်တယ်...ငွေမက်တာ မမက်တာတော့ ကျွန်တော် ဝန်မခံချင်ပါဘူး။ ဒါပေမဲ့ အကျင့်သိက္ခာကို အထင်မကြီးခဲ့လို့ မချစ်ဘဲနဲ့ ယူရတာဆိုတာတော့ ဝန်ခံပါတယ်။ ဒီတော့ သူ့သဘောတစ်ခုပဲ၊ ကွာမယ်ဆိုရင် ကွာဖို့အဆင်သင့်ပါပဲ..."ဟု တိုးအောင်ကလည်း စစ်ကြေညာသည်။

"အေး...အေး၊ မင်းတို့ ငါ့ကို သတ်ကြတော့မှာပဲ။ ငါလည်း မနေရပါဘူး၊ အလွန်ဆုံးနေရလှ ငါ[illegible]ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒီကြားထဲမှာ မင်းတို့ပယောဂကြောင့် ငါတစ်လမကြာခင်သေမှာပဲ…။ မင်းတို့ဂုဏ်တွေကို မင်းတို့ပြန်ကြည့်ကြပါဦး၊ ဒါပဲ ငါတော့ပြောတတ်တော့တယ်…”ဟု ယောက္ခမကြီးက ဖြန်တရားဟောလိုက်သည်။ ထိုည တစ်ညလုံး တိုးအောင် စိတ်အဆင်းရဲဆုံး ဖြစ်ရသည်။

ရီရီကို မချစ်သော်လည်း ကိုယ့်ဂုဏ်ကို ကိုယ်ရှက်သဖြင့် နောက်တစ်နေ့တွင် ကွာဖို့ရန် နှောင့်နှေးသွားပြန်၏။ ရီရီကိုယ်တိုင်ကလည်း တိုးအောင်ကဲ့သို့ပင် သဘောပေါက်လေသလားမသိ… ခပ်ရှောင်ရှောင် ခပ်ဖယ်ဖယ် နေသည့်တိုင်အောင် မျက်နှာမသာယာလှ။ နောက်တစ်ည… ယောက္ခမကြီးက တရားဆက်၍ ဟောသောအခါ နှစ်ဦးစလုံး စစ်ပြေငြိမ်း စာချုပ်ချုပ်လိုက် ကြရသည်။ စစ်ပြေငြိမ်းရုံသာမက… ရီရီ အတော် နှောင်တရသွားရှာသည်။

“ရီရီ့ အပြစ်တွေရီရီဝန်ခံပါတယ်… ကိုတိုးအောင်ကို ပြောမိဆိုမိသမျှ… ရီရီကန်တော့ပါရစေ။ နောက်ကို ကိုတိုးအောင် ပြောသမျှဆင်ခြင်ပါတော့မယ်…”ဟု ပြောပြောဆိုဆို သူ့ဖခင်ကြီး ရှေ့မှောက်တွင် တရိုတသေ ထိုင်၍ကန်တော့လိုက်သောအခါ တိုးအောင်ကိုယ်တိုင် မြကို မေ့သွားမတတ် ဝမ်းမြောက်သွားတော့သည်။

တိုးအောင်သည် ထိုနေ့မှစ၍ သူ့ဘဝကို သူကျေနပ်သွားတော့ကာ ဖူးစာကံပစ်ချရာတွင် ပျော်ရွှင် ချမ်းမြေ့အောင် ကြိုးစားရှာတော့သည်။ ရီရီအတွက်မှာလည်း သူဝန်ခံသည့်အတိုင်း အသွားအလာ အလည်အပတ် လုံးလုံးမပြုတော့မူ၍ ဗိုင်းကောင်းကျောက်ဖိ ပိပိရိရိ ပျော်ပျော်ရွှင်ရွှင် ဖြစ်လာရုံမျှမက ငယ်ရည်းစားမယားကောင်း တစ်ယောက်အနေဖြင့် တိုးအောင်ကို ပြုစုယုယဖော် ရလာတော့သည်။ ထိုအချိန်ကစ၍မှ တစ်အိမ်လုံးတွင် အစေခံတွေအပေါ်မှာပင် အာဏာရှင်ဩဇာရှင် သခင်စာရင်းသို့ လုံးလုံးလျားလျား ဝင်ပေတော့သည်။

သို့သော်… တိုးအောင်၏ စိတ်ချမ်းသာမှုသည် တစ်နှစ်မှ တင်းတင်းမပြည့်ခဲ့ရ၊ သမီးဦးကလေး မွေးဖွားလိုက်သည်မှ ယနေ့အထိ ဒုက္ခဖြစ်နေရန် ဖန်တီးသကဲ့သို့ရှိတော့သည်။ ရီရီကိုယ်တိုင် အင်္ဂလိပ်ပညာတတ်ခဲ့သော်လည်း အညာသားသူဌေးကြီး ဦးဘိုးရင်၏သမီး ဗမာစစ်စစ်ဖြစ်သည့် ရီရီကို လက်ထပ်ထိမ်းမြား၍ ယူခဲ့သောလင်သည် တိုးအောင်ကိုယ်တိုင်မှာလည်း မြန်မာအစစ်ပင်ဖြစ်လျက် ရီရီက မွေးလိုက်သော သမီးကလေးကျမှ အသားဆွတ်ဆွတ်ဖြူ ဆံပင်ရွှေရောင် ထ၍ မျက်လုံးကလေးပါ အတ္တလန္တိတ် သမုဒ္ဒရာရေလို ပြာလဲ့လဲ့နေတော့ရာ အရေးပိုင်ကိစ္စနှင့် မပြေးသော် ကန်ရာကပြသလို ရှိနေခြင်းပင်ဖြစ်လေ၏။ နောက်တစ်ခုကလည်း ထန်းသီးကြွေခိုက်ကျီးနင်းခိုက်ဟု ဆိုရပေမလားမသိ မစ္စတာမက္ကဒေါ်နယ်မှာ ထိုအတောအတွင်းပင် ဘိလပ်သို့ ခွင့်နှင့်ပြန်သွားပြန်လေရာ… “လောကီအစုတ်၊ လူတို့နှုတ်ကား၊ မဟုတ်လည်းပြော ဟုတ်လည်းပြော၏”ဆိုသော စကားအတိုင်း ထိုသတင်းသည် တစ်မြို့လုံး ဟိုးဟိုးကျော်သွားစရာ ဖြစ်လေ၏။ ခတ်သိများ၏ မဲ့ကြ ရွဲ့ကြ ပြောကြဆိုကြခြင်းကို တိုးအောင် ကိုယ်တိုင် ရှောင်ကွင်း၍မရတော့။ ထိုလောက၏ ဒဏ်ကို ဦးစွာပထမ ခံလိုက်ရသူမှာ ရီရီကိုယ်တိုင် ဖြစ်တော့၏။ အကြောင်းကား… မီးဖွားပြီး တစ်လမျှအကြာတွင် အဆိပ်သောက်၍ သူ့အရှက်ကို ရှောင်ကွင်းသွားခြင်းပင်ဖြစ်ရာ ထိုသည့်တိုင်အောင် ဘွင်းဘွင်းကြီး ဖွင့်၍မှုကား ဝန်မခံခဲ့။ တစ်ဦးတည်းသောသမီး အရှက်တကွဲ အကျိုးနည်းဖြင့် မရှုမလှ သေဆုံးရသည်ကို အကြောင်းပြု၍ ဦးဘိုးရင်၏ဝေဒနာမှာ အိပ်ရာသို့ ဘုံးဘုံးလဲလျက် ခြောက်လလောက် စိတ်ဆင်းရဲခြင်း ခံပြီးမှ ရီရီ့နောက်သို့ လိုက်ပါသွားရှာ ပြန်ရကား… ဤတွင် တိုးအောင်၌ ရီရီ၏ သမီးအမာရီကလေးကိုပိုက်၍ လောက၌ ထီးထီးကျန်ရစ်ခဲ့လေသည်။

သိန်းသုံးလေးဆယ် စက်သုံးလေးလုံး လယ်ဧကငါးထောင်ကျော် ကျန်ရစ်ခဲ့ခြင်းသည် မတူမရှုသမီးကလေးတစ်ယောက် ကျန်ရစ်ခဲ့ခြင်းနှင့် နှိုင်းစာသော် ပစ္စည်းနှင့်ဂုဏ်ကိုပင် စိတ်နာရမလို ထင်မိသည်။ ဤတွင်မှ သူ၏မြသူ့ကိုချစ်သော မြကို သတိရသောစိတ်က ငန်းဖမ်းသလိုဖမ်းလာတော့၏။ သို့သော်… မြသတင်းကို သူ မကြား၊ ကြားရအောင်လည်း မစုံစမ်းဝံ့။

အမာရီကလေးကို တိုးအောင် တစ်ထစ်ချ မချစ်ဝံ့သော်လည်း ကရုဏာတရားမှာ သားအဖဟူသော အမှတ်ဖြင့် တွယ်တာနေရသေးသည်။ သူ့ခမျာကလေးကား လောက၏ပရိယာယ်၊ လောကအရှုပ်အထွေးတွင် ကလေးပီပီ ဘာမှနားလည်ရှာဟန်မရဟု တိုးအောင်ထင်မိသည်။ ဤသို့နှင့် ဆယ့်လေးငါးနှစ်အရွယ်လောက် ရောက်လေ

www.burmeseclassic.com



သောအခါ အမာရီဇာတိ ပြလာပြန်တော့သည်။

ကြီးနိုင်ငယ်ညှဉ်းဆဲ စိတ်မျိုးရှိခြင်း၊ မောက်မာဝါကြွားစော်ကားတက်ခြင်း၊ ကျောင်းသူအချင်းချင်း၏ ပစ္စည်းကို တပ်မက်ခြင်းတို့အပြင် အဆိုးဆုံးသော စာဂတစ်ခုက ရည်းစားဖြောက်သောက်ထားခြင်းပင်ဖြစ်ရာ ထိုအမူအကျင့်များမှာ မအေ့ထံက အမွေခံလိုက်သလို ရှိတော့သည်။

ဟသ်ာတမြို့ပေါ်ရှိ ကျောင်းများမှ နာမည်ပျက်ပေါင်းများလှသဖြင့် အထိန်းအသိမ်းကောင်း၍ စည်းကမ်းသေဝပ်လှသည်ဟု ကျော်ကြားသော ရန်ကုန်ကကျောင်းကိုပြောင်း၍ ထားခဲ့သည်မှာ ခြောက်လမပြည့်မီ အထက်ပါစာကို ရရှိခြင်းဖြစ်ရာ အဘယ်မှာလျှင် စားပွဲပေါ်ကို တံတောင်ဆစ်နှင့် ကျားကန်မထားရဘဲ ရှိပါတော့မည်နည်း။

နောက်တစ်နေ့ ညနေသုံးနာရီခွဲခန့် ရန်ကုန်မြို့ အမျိုးသမီး အထက်တန်းကျောင်းသို့ ဦးတိုးအောင်ကိုယ်တိုင် ရှေ့မျက်နှာနောက်ထားလျက် ရောက်ခဲ့ရတော့သည်။

"ကျွန်မ ဦးတိုးအောင်ကို သိပ်ပြီးအားနာပါတယ် ဝမ်းလည်းနည်းပါတယ်။ ဒါပေမဲ့ မပြောမဖြစ်လို့ ပြောရမှာက သမီးကို အိမ်မကွာကြမ်းမကွာ ကိုယ့်မျက်စိအောက်မှာထားပြီး ဆရာမတစ်ယောက်ယောက်ကို ငှားသင်တာက ပိုကောင်းလိမ့်မယ် ထင်ပါတယ်။ ကျွန်မတော့ ဒါပဲ အကြံပေးတတ်တယ်"ဟု ဆရာမကြီးက အားတောင့်အားနာနှင့် ပြောသောအချိန်တွင် ဦးတိုးအောင်မျက်နှာ၌ သွေးပေါက်၍ မရအောင် ရှိတော့သည်။

"ကလေးမကလေးအပေါ်မှာ ကျွန်မထက် ကျောင်းအုပ်ကြီးက ပိုပြီး ဂရုစိုက်ပါတယ်။ သူကိုယ်တိုင် မကြာခဏ ဆုံးမပါတယ်။ ဒါပေမဲ့ သူ့ဉာဉ်ကလေးက အတော်ဘဲ ဆိုးဝါးရှာတယ်...။ သူ့အတွက် အမျိုးမျိုးအဖုံဖုံ စဉ်းစားကြပါသေးတယ်။ နောက်ဆုံး မဖြစ်နိုင်တော့မှ ဦးတိုးအောင်ထံကို အကြောင်းကြားလိုက်တာပါပဲ...။ ဦးတိုးအောင်ဟာ မယားကံကောင်းပေမဲ့ သားသမီးကံ မကောင်းရှာဘူးလို့တောင် ညည်းရှာပါသေးတယ်..."ဟု ဆရာမကြီးက စကားပြေနစ်သိမ့်လိုက်သောကြောင့် ဦးတိုးအောင်မှာ ဇတ်ခနဲ ခေါင်းထောင်၍ နားမလည်သလို ခပ်ကြောင်ကြောင်ကြည့်နေမိသည်။

"ဘယ်သူက ပြောတာလဲ ဆရာမကြီး"

"ကျောင်းအုပ်ကြီးက ပြောရှာပါတယ်"

"သူက... သူက ကျွန်တော့်အကြောင်းကို သိလို့လား..."

"ဦးတိုးအောင်ရဲ့ မိတ်ဆွေတစ်ယောက်ပဲ၊ သိတာပေါ့...။ ဦးတိုးအောင် မမှတ်မိဘူးလား။ အော်... အမာရီကို ကျောင်းလာအပ်တုန်းက ကျောင်းအုပ်ကြီး မကျန်းမာလို့ ကလောသွားနေတာကိုး"

"နေပါအုံး ဆရာမကြီးရဲ့...၊ ကျောင်းအုပ်ကြီးက ဘယ်သူလဲ"

"ဒေါ်ခင်မြမြလေ... ဟော... ဟိုမှာ... လာနေပြီ"

ဦးတိုးအောင်က ကျောပေးထားသော ကျောင်း ရုံးခန်း အဝင်ဝကို လှည့်ကြည့်လိုက်သောအခါ... အသက် ၃၅ နှစ်ခန့် မွန်ရည်တည်ကြည်သော သူ၏ငယ်ချစ် မြကို တအံ့တသြ တွေ့လိုက်ရလေသည်။ သူ့ညာဘက်က အမာရီ၏ ပခုံးကို ယုယကြင်နာစွာ လက်တင်ထားလေသည်။ အမာရီ၏မျက်နှာမှာ သူ့အမေ၏ မျက်နှာကဲ့သို့ ရွှင်ရွှင်ပျပျ ပေါ့တီးပေါ့ဆပင် ရှိသော်လည်း ဒေါ်ခင်မြမြ၏ ဣန္ဒြေမှာမူ စိတ်မချမ်းမြေ့သော ဝမ်းတွင်းနာကို မနိုင်နိုင်အောင် ဖုံးကွယ်ထားရပုံမျိုး ဖြစ်လေ၏။ ဦးတိုးအောင်မှာ သမင်လည်ပြန် ကြည့်နေမိရာမှ အတန်ကြီးကြာအောင် နေရာမပြောင်းမိ။

"မြ... မြ... သူ ချစ်ခဲ့သောမြ၊ သူ့ကို ချစ်ခဲ့သော မြ၊ သူ့တစ်သက်တွင်ကား... သူမချစ်ဘဲ ယူခဲ့ရသည့် ရီရီ၏ မတူတရူသမီး၊ ကိုယ့်သမီးဟု တစ်ထစ်ချမပြောဝံ့သော သမီး...။

ဦးတိုးအောင်သည် ယောက်ျားကြီးတန်မဲ့ အသက်အရွယ်အတော်ကလေး ထောက်လာသောကြောင့် မျက်ရည်ပေါက်များ ကျမလာရုံတမည်ပင် ရှိတော့သည်။ ဒေါ်ခင်မြမြမှာလည်း ဦးတိုးအောင်ကဲ့သို့ပင် သတိထားနေရပုံရှိသော်လည်း နှုတ်ခမ်းကလေးများမှာ တဆတ်ဆတ်တုန်နေကြောင်း တွေ့နိုင်သည်။ သူသည် ဦးတိုးအောင်၏ ကျော်ကြားမှု၊ ကြွယ်ဝမှုများကို ထောက်ထား၍ မယားကံကောင်းခဲ့သည်ဟု ထင်မှတ်ခဲ့ဟန်ရှိသည်။ ငယ်စဉ်က ပြောဖူးသော စကားအတိုင်း သူချမ်းသာတာကို မုဒိတာဖြစ်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



ရဟန် တူတော့သည်။ ဦးတိုးအောင်သည် သူ့ဘဝ၏ တကယ့်ဒုက္ခတွေကို အကြွင်းအကျန်မရှိ ပြန်လှန်၍ ပြော လိုက်ချင်ဘိသည်။ သို့သော်... လောက၏ ဒဏ်တွေကို ဒေါ်ခင်မြမြ ကြား၍ သနားပြီး စိတ်မချမ်းသာဖြစ်ရုံမှအပ သူ့ဘဝအကြားဝယ် ဓားခုတ်ရာ လက်ဝင်လျှိုသလိုသာ ရှိရှာပေတော့မည်...။ သူထင်သလို မယားကံကောင်းသည် ဟုပင် ထင်မှတ်လိုက်ပါစေတော့။

ဒေါ်ခင်မြမြသည် အမာရီကို တွဲကာရုံးခန်းတွင်းသို့ တဖြည်းဖြည်းဝင်ခဲ့သည်။ ဦးတိုးအောင်၏ မရောင့်ရဲသော မျက်လုံးအစုံသည် သမီးကို ကျော်၍ ဒေါ်ခင်မြမြအား... မျှော်နေမိသည်။

“မောင့်အပေါ်မှာ အကြောင်းကြောင့်တွေကြောင့်၊ ကောလိပ်ကို ပြန်မလာဖြစ်တောင် မြဘယ်လိုမှ သံသယ မရှိပါဘူး။ တခြားလူကို မောင်ယူသွားလည်း အခြေအနေ အရ ဂုဏ်နဲ့ငွေကြောင့် မောင်ယူရတာပဲ၊ မောင်ချစ်တာတော့ မြပဲ။ မြထက်တော့၊ မောင့်ဘယ်သူ့မှ ပိုချစ်မှာ မဟုတ်ဘူး မောင်ကြီးပွားတဲ့ သတင်းကို ဒီခန္ဓာကိုယ်အတိုင်း နားထောင်နေမှာပဲ”

ထိုစကားများသည် လွန်ခဲ့သော ဆယ့်ငါးနှစ် ဆယ့်ခြောက်နှစ်က ယခုရပ်နေသော မြ၏စကားကလေးများဖြစ်သည် မဟုတ်လော...။ ဦးတိုးအောင် ချက်ချင်း သတိရမိသည်။

ဦးတိုးအောင် ကြီးပွားခဲ့သည်ကား မှန်ပါသည်။ အတိတ်ကာလက ကောလိပ်ကျောင်း မြ၏ရှေ့မှောက်တွင် ဆင်းရဲသိမ်ငယ် လူပေါ်မဝင်ခဲ့သော တိုးအောင်ကား... ယခု သူဌေး၊ မြေပိုင်ရှင်၊ ဘုရားလူကြီး၊ မြူနီစီပါယ်၊ ပြီစီဒင် သမာဓိမြို့ဝန်၊ အထက်တန်းစား လူကြီးလူကောင်း တစ်ယောက်ဖြစ်သောကြောင့် မငြင်းနိုင်တော့။ လင်ဆိုးမယားတဖားဖား၊ သားဆိုးမအေ တပေပေ၊ ဇနီးဆိုးလင်၊ သမီးဆိုး အဖေ...ဖြစ်နေရကြောင်းကိုကား မြ သိတန်သလောက် သိပေမည်။ မသိလျှင်... သိအောင်ပြောဖို့ကလည်း မဖြစ်။

ရှိပါစေတော့။ လောက၏ဒဏ်တွေသင့်၍၊ အသက်အရွယ်တွေပင် ချင့်ထောက်စရာဖြစ်ခဲ့လေပြီ။ တိုးအောင်၏ မျက်မှောက် ကောလိပ်ကျောင်းအောက်တွင် သူနှင့်အတူ ဆင်းရဲသိမ်ငယ်ခဲ့သောမြ၊ လူတန်းမစေ့ခဲ့သော မြမှာ ယခု အမ်အေ–ဒီလစ်ဘွဲ့ကိုပင် ရ၍ ကျောင်းအုပ် ဆရာမကြီး ဖြစ်နေလေပြီ မဟုတ်လော...။ တိုးအောင် မယားရ၍သူဌေး ဖြစ်သလို မြလည်း အမှီကောင်း လင်ကောင်းရ၍ ပညာရှိကြီး ဖြစ်ချင်လျှင်လည်း ဖြစ်လာခဲ့ပေမည်။ အပျိုကြီးဘဝ နှင့်ပင် ရှိချင်ရှိပေလိမ့်မည်။ အကြောင်းကိုပင် ဦးတိုးအောင် ကိုယ်တိုင်မေးစရာမလို သိချင်သေးသည့် စိတ်မရှိခဲ့။ ယခုကဲ့သို့ တွေ့ရမြင်သည်မှာ ဝမ်းနည်းစရာကောင်းသလောက် ဝမ်းသာစရာလည်း ကောင်းပေသည်။ သို့ပေမယ့် တစ်သက်လုံး ဝမ်းသာစရာမှာ နှစ်ဦးနှစ်ဝစလုံးပင် တွေး၍ မမြင်နိုင်ကြ။ သူတို့နှစ်ဦးကြားတွင် ထိပ်ဆုံးသို့ ရောက်နေကြသော ဂုဏ်တွေ၊ ဂုဏ်တွေက အသီးသီး ကာကွယ်ထားကြလေပြီ။ သူငယ်နှပ်စား အောက်တန်းစားများ မဟုတ်တော့သဖြင့် လောကကြီးကို မထီမဲ့မြင် မပြုဝံ့ကြ။ သောက ပရိဒေဝကို ရင်ခွင်ပိုက်၍ သိက္ခာအလိုက် ဟန်ဆောင်ကြရပေတော့မည်။

“မြ... အဲ...ဒေါ်ခင်မြမြ ကျန်းမာရဲ့နော်”

“ဟုတ်ကဲ့...တွေ့ရတာ...ဝမ်းသာပါတယ်... ဦးတိုးအောင်....”

ကြည့်ပါတော့–စကားကိုပင် အရင်ကလို ရင်းရင်းနှီးနှီး မပြောဝံ့ကြတော့။ လောက–လောက နားထောင်၍ ကောင်းအောင်၊ ဂုဏ်ရှိအောင် ဦးတွေ၊ အဒေါ်တွေ... တပ်ခေါ်နေရပေပြီ။

“ကဲ...ကျွန်တော့်ကို ခွင့်ပြုပါဦး”

“ကောင်းပါပြီ...”

သမီးဆိုးကို လက်ဆွဲ၍ အရှက်တကွဲ ထွက်ခဲ့ရသော ဦးတိုးအောင်ဘဝ၌ နောက်ထပ် ဒေါ်ခင်မြမြ မဟုတ်သော သူ့သူငယ်ချင်း မြကို သူ တွေ့နိုင်ခွင့် ရှိပါဦးမည်လော...။

သုခိအတ္တာနံ ပရိဟရန္တု

**သုခ**

❖

အတွဲ–၂၊ အမှတ်–၁၉၊ ၁၉၄၈၊ ဒီဇင်ဘာ၊
ရှမဝ မဂ္ဂဇင်း

www.burmeseclassic.com